myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

March 13, 2019 Volume 17, Number 9

**၁၃.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၀၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၂၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၃/ကျပ် |
| CBM Rate | = ၁၅၂၁.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၂.၁ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၀.၉ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၆၆.၆ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၇၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၇၈ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၃၀ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၁၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၁၃၄ကျပ် |

Source: CBM Rate. etrademyanmar.com

## တရုတ်နိုင်ငံကို ကုန်စည်ချင်းဖလှယ်သည့်စနစ်ဖြင့် တင်ပို့မှုများစတင်မည်



နစ်နိုင်ငံ အစိုးရချင်း သဘောတူညီမှုအရ ပြည်တွင်းမှ ဆန်နှင့် ဆန်ကွဲကို တရုတ်နိုင်ငံသို့ ကုန်စည်ချင်းဖလှယ်သည့်စနစ်ကို အသုံးပြုကာ အပြန်အလှန် တင်ပို့သွားရန် စီစဉ်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သိရသည်။

ကိုတာစနစ်နဲ့ပို့တာက တန်ချိန်သတ်မှတ်ချက်တွေရှိပါတယ်။ နယ်စပ် တင်ပို့မှုကလည်း ဟိုဖက်က တရားမဝင်အဖြစ်သတ်မှတ်ထားတော့ ကုန်စည်ချင်းဖလှယ်တဲ့စနစ်တစ်ခုကို စတင်အကောင်အထည်ဖော်မှာပါ။ ဒီဖက်က တင်ပို့မယ့် အဓိကက ကုန်စည်ကတော့ ဆန်၊ ဆန်ကွဲ ကုန်သွယ်ရေး ဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးကဆိုသည်။

ကုန်စည်ချင်း ဖလှယ်သည့်စနစ်ကို စတင်နိုင်ရန် MOU ရေးထိုးမည့်အဆင့်ကို ရောက်ရှိနေပြီး ယခုနှစ်လယ်ပိုင်းမှ စတင်ဆောင်ရွက်နိုင်မည်ဟု သိရသည်။ တရုတ်နိုင်ငံနှင့် ကုန်စည်ချင်းဖလှယ်သည့်စနစ်အရ ပြည်တွင်းသို့ ပြန်လည် တင်ပို့မည့် ကုန်စည်အမျိုးအစားများကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း စက်မှုထုတ်ကုန်များနှင့် အသင့်စားစားသောက်ကုန်များကို ပြည်တွင်းသို့ အများဆုံးတင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသမိုင်းကြောင်းတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုထက် နယ်ကုန်သွယ်မှုက ပိုမိုအသာစီးယူထားပြီး တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုက အများဆုံးဖြစ်သည်။

Source: Popular News Journal

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## ရာသီဥတုဖောက်ပြန်လို့ မကွေးက သခွားမွှေးစိုက်တောင်သူတွေ အရှုံးပေါ်

မကွေးတိုင်းဒေသကြီးအတွင်း သခွားစိုက်ခင်းတွေမှာ ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် သခွားသီးတွေ အက်ကွဲကာ အသီးကောင်းမရရှိဘဲ အရှုံးပေါ်နေတယ်လို့သိရပါတယ်။ အသီးဆွတ်တဲ့အချိန်မှာ ရာသီဥတုက အပူအအေးမမျှတာကြောင့် အသီးတွေ တအားကွဲပြီး တစ်ဧကကို ၁၅ တန်လောက် ထွက်ရမယ့် အခင်းမျိုးမှာတောင် ၁၀ တန်လောက်ပဲ ထွက်တော့တယ်လို့ သိရပါတယ်။



သခွားမွှေး တစ်ဧကကို ကျပ်သိန်း ၈၀ လောက် အကုန်အကျခံကာ စိုက်ပျိုးရပြီး အသီးကွဲအက်မှုကြောင့် အသီးအထွက်နှုန်းဟာ များစွာလျော့နည်းနေတယ်လို့ သိရပါတယ်။ နှစ်တိုင်း သည်ချိန်ဆို အတော်မြတ်နေကျဖြစ်ပြီး သည်နှစ်မှာတော့တစ်ဧကကို ၁၀ သိန်း၊ ၁၅ သိန်း လောက် အရှုံးပေါ်နေတယ်လို့ သိရပါတယ်။ ဦးကျော်မင်းက မြတ်ရမယ့်ဟာ မမြတ်တော့ကြောင်း၊ ရာသီဥတု အပူအအေး မညီမျှတာရော၊ မျိုးစေ့ မမှန်ကန်တဲ့အနေအထားကြောင့်ရောလို့ သုံးသပ်နေကြကြောင်းပြောပါတယ်။ မနှစ်က သခွားမွှေး တစ်ကီလို ခြောက်ယွမ် ရရှိခဲ့ပြီး ယခုအခါ တစ်ကီလို ၃.၂ ယွမ်နဲ့ ရောင်းချနေရတာကြောင့် ဈေးနှုန်းက ထက်ဝက်မက ဈေးလျှော့ရောင်းရပါတယ်။

သခွားမွှေးစိုက်တောင်သူတွေဟာ သခွားမွှေးမျိုးစေ့တွေကို အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတို့မှာ စိုက်ပျိုးကြပြီး☐ ဖေဖော်ဝါရီလနဲ့ မတ်လတို့မှာ အသီးခူးဆွတ်ရောင်းချလေ့ရှိကြပါတယ်။ သခွားစိုက်တောင်သူတစ်ဦးက ဒီနှစ် အသီးအနေအထားကလဲ သိပ်မကောင်းဘူး၊ ကျင်စန်းကြော့ဂိတ်ကနေ ကားအဝင်အထွက်တွေပိတ်လိုက်တော့ ပိတ်မိခဲ့တဲ့အသီးတွေဟာ လတ်ဆတ်မှုမရှိတော့ဘူး၊ အဲဒီတော့ ဈေးကျသွားတယ်၊ အသီးမလတ်ဆတ်တော့ တရုတ်တွေကလဲမဝယ်ရဲတော့ဘူး၊ အဲဒီတော့ ဈေးချဝယ်တယ်၊ အဲဒီရဲ့ ဂယက်တွေက အခုချိန်အထိ သက်ရောက်နေတာ၊ အခုဈေးပြန်တက်ရမယ့်အချိန် မတက်တော့ကြောင်းပြောပါတယ်။ သခွားစိုက်တောင်သူတွေဟာ နီးစပ်ရာပွဲရုံတွေက တရုတ်ပြည်ကမျိုးစေ့ကို ဝယ်ယူရတာဖြစ်ပြီး သည်မျိုးစေ့တွေက မမှန်တာကြောင့် အသီးကွဲအက်ခြင်းတွေလည်းဖြစ်နိုင်တယ်လို့ သခွားစိုက်တောင်သူတချို့က ခန့်မှန်းပါတယ်။

**Source:** https://www.kumudranews.com/news-32641

## ပြည်ပအလုပ် တရားဝင်လမ်းကြောင်းကပါ သွားကြဖို့ တိုက်တွန်း

မြန်မာနိုင်ငံရဲ့လူဦးရေ လေးယောက်မှာ တစ်ယောက်နှုန်းက ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသူဖြစ်ပြီး ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်သူတွေအနေနဲ့ တရားဝင်လမ်းကြောင်းကပါ သွားရောက်လုပ်ကိုင် ကြဖို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောပါတယ်။ ဦးဝင်းရှိန်က ရွှေ့ပြောင်းသွားလာခြင်းကြောင့် မိသားစုစားဝတ်နေရေးပြေလည်စေခြင်း၊ ကလေးများအား ပညာသင်ပေးနိုင်ခြင်း၊ လူမှုနေထိုင်မှုဘဝ မြင့်မားစေခြင်းစတဲ့ ကောင်းကျိုးတွေရရှိနိုင်သလို မမျှော်မှန်းနိုင်တဲ့ဆိုးကျိုးတွေလဲ ကြုံတွေ့နိုင်တာကို ရွှေ့ပြောင်းသွားလာသူတွေ သတိပြုစေလိုကြောင်းပြောပါတယ်။ ပြည်ပနိုင်ငံတွေကို ရွှေ့ပြောင်းသွားလာတဲ့အခါ တရားဝင်လမ်းကြောင်းမှသွားရောက်ပြီး တရားမဝင်မဖြစ်စေရေး၊ ခေါင်းပုံဖြတ်ခံရတာတွေ၊ လူမှောင်ခိုကူးခံရတာတွေ၊ အသုံးချခံရတာတွေကနေ ကင်းဝေးစေရေး၊ အစိုးရ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း၊ အရပ်ဘက်အဖွဲ့အစည်း၊ ပြည်သူလူထုနဲ့ ရွှေ့ပြောင်းသွားလာသူများ ကိုယ်တိုင်နည်းမှန်လမ်းမှန်နဲ့ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်တဲ့ ရွှေ့ပြောင်းသွားလာမှု ဖြစ်စေမယ်လို့သိရပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၂၆ ရာခိုင်နှုန်းဟာ ပြည်တွင်း ပြည်ပကို ရွှေ့ပြောင်းသွားလာကြပြီး ကျွမ်းကျင်မှုနည်းပါးတဲ့ အလုပ်တွေမှာလုပ်ကိုင်နေကြပါတယ်။ ဝင်ငွေရရှိမှု၊ လူဦးရေအဆင့်အတန်းမြင့်မားလိုမှုနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကြောင့် ကျေးလက်ဒေသတွေကနေ ထွက်ခွာရွှေ့ပြောင်းမှုများပြားနေတယ်လို့လည်းသိရပါတယ်။ ဦးဝင်းရှိန်က လေ့လာမှုကနေ ကျေးလက်ဒေသရဲ့ ရွှေ့ပြောင်းသွားလာမှုများမှာ ကျား၊ မ၊ လူကြီးလူငယ်တို့အပေါ် အကျိုးသက်ရောက်မှုကိုသိရှိနိုင်ပြီး ရွှေ့ပြောင်းသွားလာမှုကတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်

စေရေး မူဝါဒတွေချမှတ်နိုင်ဖို့ အထောက်အကူပြုနိုင်တယ်လို့ပြောပါတယ်။ ရွှေ့ပြောင်းလုပ်ကိုင်တာနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ အလုပ်အကိုင်ဆိုင်ရာမူဝါဒနဲ့ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒတွေကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။

လုပ်သားရွှေ့ပြောင်း သွားလာမှုမြင့်တင်ခြင်း CHIME စီမံကိန်းစစ်တမ်းကို ၂၀၁၇ နွေဦးနဲ့နွေဦး ကာလတွေမှာ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှ စာရင်းသွင်းဇရိယာ ၁၇၂ နေရာမှ နမူနာ အိမ်ထောင်စုပေါင်း ၃၁၁၆ အပြင်စီးပွားရေး အနည်းငယ် အဆင်ပြေတဲ့ အိမ်ထောင်စု မှ လူဦးရေ ၁၉၂ ဦးကို အိမ်ထောင်စုဆိုင်ရာ စစ်တမ်းကောက်ယူတာ၊ အရည်အသွေးခြင်းဆိုင်ရာ လူတွေ့မေးမြန်း တာတွေနဲ့ရပ်ရွာလူထု ဆွေးနွေးပွဲတွေပြုလုပ်ပြီး သုတေသနလုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲ့ ရွှေ့ပြောင်းသွားလာရေး လုပ်ငန်းစဉ် မှာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း IOM နဲ့ INGO/NGO လူ့အဖွဲ့အစည်းတွေမှ အလုပ်သမားရေးရာဥပဒေပါ အခွင့်အရေးတွေနဲ့ လူမှုကာကွယ်စောင့်ရှောက်မှုတွေ ရရှိစေဖို့ ကဏ္ဍအလိုက် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးတာတွေရှိတယ်လို့ ဦးဝင်းရှိန်က ပြောပါတယ်။ ရွှေ့ပြောင်း သွားလာတာတွေဟာ ကမ္ဘာအနှံ့အပြားမှာ ဖြစ်ပေါ်နေလို့ ကောင်းမွန်တဲ့ ရွှေ့ပြောင်းသွားလာမှုဖြစ်စေဖို့နဲ့ ရွှေ့ပြောင်း သွားလာမှုမှရရှိတဲ့ဆိုးကျိုးတွေလျော့နည်းစေဖို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-32634

## လက်ရှိဘဏ္ဍာနှစ် ငါးလကျော်တွင် ကျောက်စိမ်းအရောင်းပြပွဲပြုလုပ်မှုနည်းပါးခဲ့သဖြင့် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှု ဒေါ်လာတစ်သန်းအောက်သာရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၅၄၀ ကျော် လျော့ကျ



လက်ရှိဘဏ္ဍာနှစ် ငါးလကျော်တွင် ကျောက်စိမ်း အရောင်းပြပွဲ ပြုလုပ်မှုနည်းခဲ့သဖြင့် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုမှ ဒေါ်လာတစ်သန်းအောက်သာရရှိ ထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၅၄၀ ကျော်အထိလျော့ကျနေကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ မတ်လ ၁ ရက်အထိ ငါးလကျော်တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုမှ ဒေါ်လာ ဝ ဒသမ ဝ၄၉ သန်း သာရရှိထားပြီး ယခင်နှစ်ကာလတူတွင်မူ ဒေါ်လာ ၅၄၇ ဒသမ ၁၅၃ သန်းအထိတင်ပို့ထားသဖြင့် လက်ရှိဘဏ္ဍာနှစ် ၅ လ ကျော်တွင် ဒေါ်လာ ၅၄၇ သန်းခန့်အထိ လျော့နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနမှသိရသည်။

အခုကကျောက်စိမ်းကတော့ ပြပွဲတွေနဲ့ဆိုင်တာပေါ့။ ပြပွဲလုပ်ပြီးရောင်းတာဆိုတော့ ပြပွဲများများလုပ်လေ တင်ပို့မှု ပိုလာတာ၊ ပြပွဲလုပ်တာနည်းရင်လျော့တာဖြစ်ကြောင်း ဦးခင်မောင်လွင်ကပြောကြားသည်။ မတ်လ ၁၁ ရက်က နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ (၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ခဲ့သည်။ အဆိုပါပြပွဲတွင် ကျောက်စိမ်းအတွဲ အမှတ် ၁ မှ ၁,၂၀၀ အထိကို မတ်လ ၁၅ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၁,၂၀၁ မှ ၂,၄၀၀ အထိကို မတ်လ ၁၆ ရက်တွင် လည်းကောင်း၊ အတွဲအမှတ် ၂,၄၀၁ မှ ၃,၆၀၀ အထိကို မတ်လ ၁၇ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၃,၆၀၁ မှ ၄,၈၀၀ အထိကို မတ်လ ၁၈ ရက်တွင်လည်းကောင်း၊ အတွဲ အမှတ် ၄,၈၀၁ မှ ၆,၀၀၀ အထိကို မတ်လ ၁၉ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၆,၀၀၁ မှ ၆,၉၇၄ အထိကို မတ်လ ၂၀ ရက်တွင်လည်းကောင်း အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း မတ်လ ၁၂ ရက်ထုတ် နိုင်ငံပိုင် သတင်းစာ၌ဖော်ပြထားသည်။

ထို့အပြင် ကျောက်မျက်အတွဲ ၅၀၀ကို မတ်လ ၁၄ ရက်တွင်လည်းကောင်း၊ ပုလဲအတွဲအမှတ် ၁ မှ ၁၈၂ အထိကို မတ်လ ၁၂ ရက်တွင်လည်ကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ ကျောက်စိမ်း

အရိုင်းအတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးသည် ယူရိုငွေ ၅,၀၀၀ နှင့်အထက်၊ ကျောက်စိမ်းအချောထည်များနှင့် ပုလဲအတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးသည် ယူရိုငွေ ၁,၀၀၀ နှင့်အထက်၊ ကျောက်မျက်များအတွက် သတ်မှတ်ထားသည့် အခြေခံဈေးသည် ယူရို ၅၀၀ နှင့်အထက်ဖြစ်ကြောင်းသိရသည်။ ပြပွဲတွင် ရောင်းရငွေတန်ဖိုးအပေါ် သတ်မှတ်ကောက်ခံမည့် အခွန်နှုန်းထားများမှာ အထူးကုန်စည်ခွန်အနေဖြင့် ကျောက်စိမ်းအရိုင်းများအတွက် ၁၅ ရာခိုင်နှုန်း၊ ကျောက်မျက်အရိုင်းများအတွက် ၁၀ ရာခိုင်နှုန်း ကျောက်မျက်လက်ဝတ်ရတနာအချောထည်များအတွက် သုံးရာခိုင်နှုန်းနှင့် အချောထည်များအတွက် တစ်ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်သည်။

**Source:** https://news-eleven.com/article/89840

## ဆားလင်းကြီးမြို့နယ် ကျော်ရွာ-မင်္ဂလာကုန်း ကျေးရွာအနီး စိုက်ပျိုးထားသည့် ကြက်သွန်နီစိုက်ခင်းများ ထိခိုက်ပျက်စီးနေဟု တောင်သူများဆို



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးအုပ်စု ကျော်ရွာ- မင်္ဂလာကုန်းကျေးရွာအနီး စိုက်ပျိုးထားသည့် ကြက်သွန်နီစိုက်ခင်း အများအပြား ထိခိုက်ပျက်စီးနေကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။ အဆိုပါ ကျေးရွာအနီးက စိုက်ပျိုးထားသည့် ကြက်သွန်နီစိုက်ခင်း အများအပြား မည်သည့်အတွက်ကြောင့် ထိခိုက်ပျက်စီးသည်ကို ဒေသခံတောင်သူများက သိရှိရခြင်းမရှိသေးကြောင်း၊ ယခင်နှစ်များက ထိုကဲ့သို့ ကြက်သွန်နီစိုက်ခင်း အများအပြားထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်းသိရသည်။

ပထမစိုက်တုန်းကတော့ ကြက်သွန်မျိုးကောင်းတွေနဲ့စပြီးစိုက်ပါတယ်။ ကြက်သွန်စိုက်ပြီးတော့ ရေလောင်းတာ။ နောက်တစ်ရေကြတော့ မျက်နှာသစ်လို့ခေါ်တယ်။ မျက်နှာသစ်ရေတုန်းကတော့ ကြက်သွန် စိုက်ခင်းက ပိုပြီးတော့ လှပါတယ်။ မြေဆီတွေလည်း စိုက်ခင်းထဲမှာထည့်ပါတယ်။ နောက်ရေကြတော့ မြေကြီးတွေက တဖြည်းဖြည်းနဲ့ ပုရွက်ဆိတ်အုံလိုမျိုး ကွဲတက်လာတယ်။ တဖြည်းဖြည်းနဲ့ ကြက်သွန်ခင်းက အရောင်တွေလည်း ကျသွားတယ်။ ကြက်သွန်ဥကလည်း မဥတော့ပဲနဲ့ ကြက်သွန်အပင်ရဲ့ အဖျားတွေမှာခြောက်လာကြောင်း ဆားလင်းကြီးမြို့နယ် ကျော်ရွာကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ဒေါ်အေးအေးလှကပြောကြားသည်။

ကြက်သွန်နီခင်းများ စတင်စိုက်ပျိုးစဉ်အခါက ညီမည်းအရောင်ရှိ ကြက်သွန်အပင်များကိုစိုက်ပျိုးခဲ့ကြောင်း၊ ထို့နောက် ရက်ပေါင်းနှစ်ဆယ့်ငါးရက်အကြာ၌ စိုက်ပျိုးထားသည့် ကြက်သွန်နီခင်းများကိုလည်း ထပ်မံ ရေလောင်းခဲ့ကြောင်း၊ အပင်၏အဖျားများသည် ဖြတ်သွားခဲ့ပြီး အရောင်များလည်း ကျဆင်းသွားခဲ့ကြောင်း ဆားလင်းကြီးမြို့နယ် ကျော်ရွာကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ဒေါ်သန်းရွှေကဆိုသည်။ ဆားလင်းကြီးမြို့နယ် ကျော်ရွာ-မင်္ဂလာကုန်း ကျေးရွာအနီး စိုက်ပျိုးထားသည့် ကြက်သွန်နီစိုက်ခင်းအများအပြား ထိခိုက်ပျက်စီးနေမှုနှင့် ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးမှုများလည်းပြုလုပ်နေကြောင်း၊ လက်ရှိ၌ ကြက်သွန်နီစိုက်ခင်းများ ထိခိုက်ပျက်စီးရခြင်းအကြောင်းမှာ တိကျစွာသိရှိရခြင်းမရှိသေးကြောင်းသိရသည်။

**Source:** https://news-eleven.com/article/89935

## ပုလဲမြို့တွင် ကုလားပဲအစား ကြက်သွန်နီ ပြောင်းလဲစိုက်သူများလာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ကုလားပဲအစား ကြက်သွန်နီသီးနှံကို ပြောင်းလဲ စိုက်လာကြကြောင်း ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဇော်ဝင်းစိုးကပြောသည်။ ကုလားပဲမှာ အထွက်နှုန်းကျဆင်းခြင်းနှင့်ဈေးနှုန်းကောင်းမွန်မှု မရှိခြင်းတို့ကြောင့် တောင်သူများအနေဖြင့် ကုလားပဲအစား ကြက်သွန်နီ

သီးနှံကိုပြောင်းလဲစိုက်ပျိုးခြင်းဖြစ်ကြောင်းသိရသည်။ ဒီနှစ်ဆိုရင် ကြက်သွန်နီစိုက်ဧကက ပုလဲမြို့နယ်မှာ တိုးလာတယ်။ တိုးလာတဲ့ ကြက်သွန်စိုက်ဧကတွေက အရင်က ကုလားပဲ စိုက်ပျိုးမြေတွေ။ ဒါပေမယ့် အခုနှစ်ကျ တွက်ခြေကိုက်မယ့် ကြက်သွန်နီကို ပြောင်းစိုက်ကြတယ်။ ကုလားပဲကကျ နှစ်တိုင်းစိုက်နေတာ။ ဒါပေမယ့် စိုက်ပျိုးစရိတ်တောင်ပြန်ရဖို့မ သေချာဘူး " ဟု ဦးဇော်ဝင်းစိုးက ပြောသည်။

လက်ရှိ ပုလဲမြို့နယ်တွင် ယခုနှစ်ကြက်သွန်နီ စိုက်ဧက ၂,၀၀၀ ကျော်ထိ စိုက်ပျိုးထားပြီး၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်းက ပုလဲမြို့နယ်တွင် ကြက်သွန်နီစိုက်ဧက ၁,၄၀၀ ခန့်သာရှိခဲ့ကြောင်း သိရသည်။ ကုလားပဲက ဘယ်တော့မှ စိုက်ပျိုးစရိတ်ပြန်ရရှိဖို့ မသေချာဘူး။ တစ်ခါတစ်လေ ရာသီဥတုကြောင့် ကုလားပဲ က အထွက်နှုန်း မသေချာတော့ဘူး။ နောက်တစ်ချက်က ကုလားပဲကို ဈေးကောင်းပေးတာ မရှိတော့ကြောင်း ပုလဲမြို့နယ်၊ ပန်းရွာကျေးရွာမှ ကုလားပဲစိုက်တောင်သူ ဦးအောင်လှိုင်ကပြောသည်။

**Source:** http://amiamyanmar.com/Detail.aspx?id=6906

## ယနှစ်တွင် တရုတ်နိုင်ငံအနေဖြင့် ပြည်ပမှ တင်သွင်းသွားမည့် ဆန်တန်ချိန် ၅ သန်းကျော် အပါအဝင် လယ်ယာထွက်ကုန် Quota သတ်မှတ်ချက်ထုတ်ပြန်

၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမှတင်သွင်းသွားမည့် ဆန်အပါအဝင် လယ်ယာထွက်ကုန် တင်သွင်းမှု Quota သတ်မှတ်ချက်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီမှ ထုတ်ပြန်လိုက်သည်။ ယခုနှစ်တွင် ပြောင်းကို တန်ချိန် ၇ဒသမ၂ သန်းအား အစိုးရပိုင်းမှ ၆၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်းမှ ၄၀ ရာခိုင်နှုန်း သတ်မှတ်ထားပြီး၊ ဆန်တန်ချိန် ၅ဒသမ၃ သန်းကျော်ကို အစိုးရပိုင်းမှ ၅၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်းမှ ၅၀ ရာခိုင်နှုန်းစီ အချိုးကျ တင်သွင်းသွားရန်သတ်မှတ်ခဲ့သည်။ ထို့အပြင် ဂျုံကို ပမာဏ တန်ချိန် ၉ဒသမ၆ သန်းကျော် Quota စနစ်ဖြင့် တင်သွင်းသွားမည်ဖြစ်ပြီး၊ အစိုးရပိုင်း မှ ၉၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်းမှ ၁၀ ရာခိုင်နှုန်းခန့် သတ်မှတ်ထားသည်။

ယင်းသတ်မှတ်ချက်များအား လေ့လာသိရှိနိုင်ရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ မတ်လ ၈ ရက်စွဲဖြင့် ဌာနနှင့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များထံဖြန့်ဝေထားကြောင်းသိရသည်။ ဒါသူရဲ့ လုပ်ရိုးလုပ်စဉ်ပါ။ နိုင်ငံတကာကို ပေးတဲ့ဟာပါ။ ဘယ်နိုင်ငံအတွက် ဘယ်လောက်ပေးတယ်ဆိုတာက သက်သက်။ ဒါက သူတို့နိုင်ငံရဲ့ ပေးတဲ့ပမာဏကို သူတို့ Internal မှာ ကျင့်သုံးမယ့် စာရင်းလေးကိုသိရလို့ အသိပေးတာပါ။ သာမန်အားဖြင့်တော့ သူတို့နိုင်ငံက တင်သွင်းတဲ့ ကုမ္ပဏီကိုပဲ Quota ပေးလိုက်တာ။ အဲဒီ တင်သွင်းတဲ့သူက ဘယ်နိုင်ငံက သွင်းသွင်းရတယ်။ အဲတော့ မြန်မာနိုင်ငံဘက်က အရည်အသွေးပြည့်မီတဲ့ကုန်သည်နဲ့ သူတို့နဲ့ချိတ်မိသွားရင်တင်ပို့လို့ရမှာဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးကဆိုသည်။

လက်ရှိတွင် တရုတ်နိုင်ငံအနေဖြင့် နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံမှတင်သွင်းသည့် လယ်ယာထွက်ကုန်များကို ပိတ်ပင်ကာ ဖမ်းဆီးထိန်းသိမ်းမှုများကြောင့် ပြည်တွင်းပြောင်းဈေးမှာ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းနေသည်။ လက်ရှိတွင် မြန်မာနိုင်ငံဘက်မှတင်ပို့နေသည့် လယ်ယာထွက်ကုန်များမှာ တရုတ်နိုင်ငံမှ ချမှတ်ထားသည့် ကုန်သွယ်ရေးပေါ်လစီနှင့် အရည်အသွေးကိုက်ညီမှု မရှိခြင်းတို့ကြောင့် မှောင်ခိုကုန်သွယ်ခြင်းကဲ့သို့ ရောင်းချနေရခြင်းဖြစ်ပြီး၊ တရုတ်နိုင်ငံအနေဖြင့် ဘိန်းအစားထိုး သီးနှံအတွက်နှင့် နယ်စပ်သုံးစွဲမှုအတွက်သာ မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့ကို ခွဲတမ်းဖြင့်တရားဝင် ဝယ်ယူတင်သွင်းနေခြင်းဖြစ်သည်။ အလားတူပင် တရုတ်နယ်စပ်အဝယ်မရှိ၍ ပြည်တွင်းဆန်လက်ကျန်များကာ ဆန်ဈေးနှုန်းမှာလည်း ဈေးကျဆင်းနေသည်။ သို့ဖြစ်ရာလာမည့်ကာလတွင် နွေစပါးအသစ်များ ပေါ်လာမည်ဖြစ်သည့်အတွက် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ကို ပိုမို၍တိုးချဲ့တင်ပို့ရန် တိုက်တွန်းပြောကြားထားကြောင်းနှင့် မကြာခင်မှာလည်း မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်အသစ်များကိုတိုးချဲ့၍ G to G စနစ်ဖြင့် ရောင်းဝယ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောကြားထားသည်။

**Source:** http://amiamyanmar.com/Detail.aspx?id=6904

## ဝက်သားနဲ့ဆိုင်တဲ့ ပစ္စည်းတွေ တရုတ်တင်သွင်းမှု မြန်မာဘက်က ယာယီပိတ်ပင်

တရုတ်နိုင်ငံမှာ အာဖရိကဝက်အပြင်းဖျားရောဂါကျရောက်နေတဲ့အတွက် မြန်မာနိုင်ငံထဲကို တရုတ်ဘက်က တင်ပို့ လာတဲ့ ဝက်အရှင်နဲ့ ဝက်ထွက်ပစ္စည်းတွေဖြစ်တဲ့ ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊

ဝက်အူချောင်းနဲ့ အခြားဝက်ထွက်ပစ္စည်းတွေကို နယ်စပ်လေဆိပ်၊ ရေဆိပ်ပေါက်တွေကတဆင့်သယ်ယူတာ၊ ဝယ်ယူတာနဲ့ ရောင်းချ တာတွေကို မြန်မာအစိုးရက ယာယီတားဆီးပိတ်ပင်လိုက်ပါတယ်။

အာဖရိကဝက်အပြင်းဖျားရောဂါဟာ မြန်မာနိုင်ငံနဲ့နယ်နိမိတ်ချင်းထိစပ်နေတဲ့ တရုတ်ယူနန်အရှေ့မြောက်ဒေသ၊ အလယ်ပိုင်းဒေသတွေအပါအဝင် ပြည်နယ်တချို့မှာ ကူးစက်ပျံ့နှံ့နေပြီး ဝက်အကောင်ရေ ၁ သန်း နီးပါးလောက်ကို သုတ်သင်ရှင်းလင်းခဲ့ရပါတယ်။ လတ်တလောမှာ ဒီရောဂါဟာ လူကိုကူးစက်မှုမရှိသေးပေမယ့် ဝက်တွေမှာ ကူးစက်မှုကို မထိန်းချုပ်နိုင်သေးသလို ရောဂါကာကွယ်ဆေးလည်း မရှိသေးပါဘူး။ စားသုံးသူများကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ခုချိန်မှာ လူကို ကူးစက်တာမရှိသေးပေမယ့် သူရဲ့ဗိုင်းရပ်စ်မှာ မျိုးစိတ်တစ်ခု ထပ်ကွဲသွားတာမျိုး ပေါင်းသွားတာမျိုး ဖြစ်လာမယ်ဆိုရင် မကူးဘူးလို့ မပြောနိုင်ပါဘူး၊ ဒီလိုအချိန်မှာ အိမ်နီးချင်းမြန်မာနိုင်ငံထဲမှာ ဝက်ခြံတွေကို ဆေးဖြန်းတာမျိုးလို ဇီဝလုံခြုံရေး ဂရုစိုက်ဖို့လိုပါတယ်၊ အဓိကအရေးကြီးတာက တရုတ်ကလာတဲ့ အေးခဲဝက်သား၊ ဝက်အူချောင်း၊ ဝက်ပေါက်ခြောက်တွေ စားသုံးတာရှောင်ကြဉ်ဖို့ လိုပါတယ်လို့ ပြောပါတယ်။

**Source:** https://www.bbc.com/burmese/burma-47550166

## မြန်မာနိုင်ငံမှ တရုတ်သို့ နည်းလမ်းသုံးခုဖြင့် ဆန်တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ကုန်ချင်းဖလှယ်သည့်စနစ်ဖြင့် တင်ပို့နိုင်ရန်အတွက် နှစ်နိုင်ငံမကြာမီ MoU ရေးထိုးမည်

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုကို နည်းလမ်းသုံးခုဖြင့် တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ကုန်ချင်းဖလှယ်သည့် စနစ်ဖြင့်တင်ပို့နိုင်ရန် နှစ်နိုင်ငံမကြာမီ MoU ရေးထိုးမည်ဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံကို ဆန်တင်ပို့မှုနဲ့ ပတ်သက်ပြီးတော့ အပိုင်းကသုံးပိုင်းရှိကြောင်း၊ တစ်ပိုင်းက Border Trade ပေါ့။ နယ်စပ်ဒေသမှာ နေထိုင်ကြတဲ့ကုန်သွယ်မှုဖြစ်ကြောင်း၊ တစ်ရက်ကို ဆန်က ယွမ်ငွေရှစ်ထောင်ဖိုးပဲ တင်ပို့လို့ရကြောင်း၊ နောက်တစ်ခုက နှစ်နိုင်ငံကုန်သွယ်မှုပေါ့။ နှစ်နိုင်ငံ ကုန်သွယ်မှု ကတော့ Quota ပေးတယ်။ အဲဒီ Quota ပေါ်မှာ မူတည်ပြီးတော့ တင်ပို့တာဖြစ်ကြောင်း၊ တတိယက မကြာခင်မှာ လက်မှတ်ရေးထိုးမယ့် Sister City Arrangement ကနေပြီးတော့မှ ကုန်ချင်းဖလှယ်တဲ့နည်းနဲ့ တင်ပို့မှာ ဖြစ်ပါတယ်။ နည်းလမ်း သုံးခုစလုံးမှာ တင်ပို့နိုင်အောင်ကြိုးပမ်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအောင်ထူးကပြောကြားသည်။

မတ် ၁၂ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနတွင်ပြုလုပ်သည့် စားသုံးသူများတွင် အခွင့်အရေးများရှိသည့် ကမ်ပိန်းစာနယ်ဇင်း မိတ်ဆက်ရှင်းလင်းပွဲအပြီး မီဒီယာများ၏မေးမြန်းမှုကို ဒုတိယဝန်ကြီးက အထက်ပါကဲ့သို့ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုကို Quota စနစ်၊ Border Trade စနစ်ဖြင့် တရားဝင် ဆန်တင်ပို့နေပြီး Sister City စနစ်ဖြင့် တရားဝင် တင်ပို့နိုင်ရန် မကြာမီ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ MoU ရေးထိုးပြီး ဆန်နှင့်ဆန်ကွဲ တင်ပို့မည်ဖြစ်ကြောင်း သိရသည်။နှစ်နိုင်ငံ Sister City အရ ကျွန်တော်တို့ တင်ပို့မှုတွေ ရှိပါတယ်။ အဲဒါကတော့ ကူမင်းနဲ့ရန်ကုန်နဲ့က ညီအစ်မမြို့တော်အဖြစ် သတ်မှတ်ထားကြောင်း။ အဲဒီလို သတ်မှတ်ထားတဲ့အခါမှာဆိုရင် လူမှုရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်မှုတွေကိုလုပ်နိုင်ကြောင်း၊ လုပ်နိုင်တဲ့အခါကျတော့ အဲဒီအောက်မှာလည်း ကုန်ချင်းဖလှယ်တဲ့စနစ်နဲ့ပေါ့။ သူတို့ဆီက တစ်သန်းဖိုးသွင်းမယ်ဆိုရင်လည်း ကျွန်တော်တို့ဘက်က တစ်သန်းဖိုး ပြန်ပို့မယ်ပေါ့။ အဲဒီလိုနဲ့ ဆန်နဲ့ဆန်ကွဲတွေကို တင်ပို့ဖို့ဆိုပြီးတော့ MoU ရေးထိုးပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ MoU က နောက်ဆုံးအဆင့်ကို ရောက်နေပါပြီ။ လက်မှတ်ထိုးပြီးပြီဆိုရင် ကျွန်တော်တို့အနေနဲ့ တင်သွင်းလို့ရပါပြီ။ ဒီလထဲမှာဖြစ်ဖြစ် နောက်လထဲဖြစ်ဖြစ် လက်မှတ်ရေးထိုးနိုင်မှာဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

မြန်မာနိုင်ငံက Quota စနစ်ဖြင့် ဆန်တင်ပို့ရန် တရုတ်နိုင်ငံမှ တန်ချိန်တစ်သိန်း သတ်မှတ်ထားပြီး အဆိုပါစနစ်ဖြင့် ထပ်မံတင်ပို့နိုင်ရန် မြန်မာနိုင်ငံရှိဆန်စက်များသည် တရုတ်နိုင်ငံ၏ WTO သတ်မှတ်ချက် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအပေါ် မူတည်ပြီး တရုတ်နိုင်ငံက ဆန်တင်ပို့မှုကို ပိုမိုသတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံက နှစ်စဉ်ဆန်တင်ပို့နေသည့် နိုင်ငံများအပြင် ယခုနှစ်တွင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံသို့ G to G ညှိနှိုင်းမှုပမာဏအရ ဆန်တင်ပို့နိုင်ရန် ကြိုးစားသွားမည်ဖြစ်ပြီး ဒုတိယဝန်ကြီးကဆိုသည်။

**Source:** https://news-eleven.com/article/89938

# STOCK EXCHANGE (13.3.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 13th Mar. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,800 | 8,800 | 8,700 | 276 | 2,426,800 | 27,112,747 | 235,881 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 6,955 | 19,610,700 | 38,929,150 | 109,002 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,300 | 7,300 | 7,200 | 40 | 289,000 | 10,400,986 | 74,887 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 21 | 441,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,600 | -100 | -3.70% | 2,600 | 2,600 | 2,600 | 53 | 137,800 | 12,212,906 | 31,754 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.75 | -4.31 | -1.16% | 373.06 | 373.06 | 368.75 | 7,345 | 22,905,300 | 5 | 503,437 |

### Index chart





## Market Overview

As of 1:00 pm, 13th Mar. 2019

**MYANPIX** 368.75
▼ 4.31

| | |
|---|---|
| Total Volume (shares) | 7,345 |
| Total Value (MMK) | 23 mil |
| Listed Company | 5 |
| Market Cap. (MMK) | 503,437 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼100 |
| MTSH | 00002 | 2,800 | ▼50 |
| MCB | 00003 | 7,200 | ▲0 |
| FPB | 00004 | 21,000 | ▲0 |
| TMH | 00005 | 2,600 | ▼100 |